Chin Human Rights Organization | NGO in Special Consultative status with ECOSOC since 2018

www.chinhumanrights.org

MAP
MYANMAR ACCOUNTABILITY PROJECT

# တီမောတွင် တရားစွဲခံရသော မြန်မာစစ်အာဏာရှင်၏ စစ်ရာဇဝတ်မှုများ နောက်တစ်ဆင့်သို့ ရောက်ရှိ

*ချက်ချင်းထုတ်ပြန်ရန် သတင်းထုတ်ပြန်ချက်*

**ဒီလီမြို့ ရက်စွဲ– ဧပြီလ (၃၀) ရက်၊ ၂၀၂၆ ခုနှစ်။**

လွန်ခဲ့သော ဖေဖော်ဝါရီလအတွင်း မြန်မာစစ်အာဏာရှင် မင်းအောင်လှိုင်အား စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့မှုများ၏ နောက်ဆက်တွဲအဖြစ် ယခု ရာဇဝတ်မှုဆိုင်ရာ အမှုတွဲသစ်ကို ဒီလီမြို့ ခရိုင်တရားရုံးထံသို့ တရားဝင် တင်သွင်းလိုက်ပြီ ဖြစ်သည်။ ယခု တင်သွင်းသော အမှုတွဲသစ်သည် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) ၏ ညွှန်ကြားရေးမှူး ဆလိုင်းဇအုပ်က ဇန်နဝါရီလတွင် စတင်ပြင်ဆင် တင်သွင်းခဲ့သည့် အမှုတွဲများကို နောက်တစ်ဆင့်တက်၍ အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း၊ ချင်းပြည်နယ်တွင် အစဉ်တစိုက် ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများအတွက် စစ်အာဏာရှင် မင်းအောင်လှိုင်တွင် ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုဆိုင်ရာ တာဝန် (Command and Responsibility) ရှိကြောင်း ၎င်းက ထွက်ဆိုထားသည်။

အဆိုပါ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုဖြစ်ရပ်များတွင် ၇ လ အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအား ခင်ပွန်းဖြစ်သူ၏ ရှေ့မှောက်၌ပင် အုပ်စုဖွဲ့ မုဒိန်းကျင့်ခဲ့သည့် ဖြစ်စဉ်များ ပါဝင်သည်။ ထို့အပြင် လူ (၁၀) ဦးအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်လည်း ပါဝင်ရာ၊ ယင်းဖြစ်စဉ်တွင် အသက် (၁၃) နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် သတင်းထောက်တစ်ဦး အပါအဝင် လူ (၈) ဦးမှာ လက်ပြန်ကြိုးတုပ်ခံထားရသည့် အနေအထားဖြင့် လည်ပင်းလှီးဖြတ် သတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်သည်။

ထို့အပြင် ခရစ်ယာန်သင်းအုပ်ဆရာတစ်ဦးနှင့် အသင်းတော်တာဝန်ရှိသူ သင်းထောက် ၃ ဦးတို့အား တမင်ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်၊ စစ်လက်နက်အင်အား အဆမတန် အသုံးပြုခြင်းနှင့် အရပ်ဘက်စစ်ဘက် ပစ်မှတ် ခွဲခြားမှုမရှိဘဲ လေကြောင်းမှ တိုက်ခိုက်ခြင်းများကြောင့် ဆေးဘက်ဆိုင်ရာဝန်ထမ်း ၄ ဦးနှင့် လူနာ ၄ ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်များလည်း ပါဝင်ပါသည်။ အဆိုပါ ဖြစ်စဉ်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အကာအကွယ်ပေးထားသည့် ခရစ်ယာန်ဘုရားကျောင်းများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများအပေါ် တရစပ် တိုက်ခိုက်ခြင်းများပင် ဖြစ်သည်။

ဆလိုင်းဇအုပ်က “သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) ၏ စုံစမ်းစစ်ဆေးမှုကို ခံနေရသူ မင်းအောင်လှိုင်အား ရိုးရှင်းထိရောက်သော ခြေလှမ်းအဖြစ် စစ်ရာဇဝတ်မှုဖြင့် အမှုဖွင့်လှစ်ကာ စုံစမ်းစစ်ဆေးမှုတစ်ခု စတင်ရန် တီမောအာဏာပိုင်များကို ကျွန်ုပ်အနေဖြင့် တိုက်တွန်းပါသည်” ဟု ပြောကြားခဲ့သည်။

၎င်းက ဆက်လက်၍ “ချင်းပြည်သူများသည် စစ်ကောင်စီတပ်ဖွဲ့များ၏ အတိုင်းအဆမရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများဖြစ်သည့် အဓမ္မပြုကျင့်မှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် အရပ်သားများအပေါ် ခွဲခြားမှုမရှိဘဲ တိုက်ခိုက်မှုများကို ကြုံတွေ့နေကြရခြင်း ဖြစ်သည်။ ချင်းပြည်သူများကဲ့သို့ပင် ရက်စက်ကြမ်းကြုတ်သော သမိုင်းဆိုးများကို ဖြတ်သန်းခဲ့ဖူးသည့် တီမောနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ကျွန်ုပ်တို့ ချင်းပြည်သူများကို စာနာစိတ်ဖြင့် ကူညီထောက်ပံ့ပေးရန် မျှော်လင့်လျက်ရှိပါသည်” ဟု ဖြည့်စွက်ပြောဆိုခဲ့သည်။

တီမောဥပဒေရေးရာအဖွဲ့အစည်း (Da Silva Teixeira & Associados Lda) ၏ ရှေ့နေ၊ ယခုတရားစွဲသောအမှုတွင် ဦးဆောင်ရှေ့နေဖြစ်သူ ဟိုဆေး ထိပ်ရှီးရား (Jose Teixeira) က "ဥပဒေကြောင်းအရ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်လိုက်ပြီဆိုပါက တရားရုံးအနေဖြင့်လည်း အဆိုပါ ဥပဒေပါ လုပ်ငန်းစဉ်အတိုင်း ဆုံးဖြတ်ချက် ချမှတ်လိမ့်မည်ဟု ကျွန်ုပ်တို့ အခိုင်အမာ ယုံကြည်ပါသည်။ ပိုမိုရှင်းလင်းအောင် ပြောရလျှင် ဤစုံစမ်းစစ်ဆေးမှုသည် တီမောနိုင်ငံ၏ တရားစီရင်ရေးစနစ်အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမှု အလွန်နည်းပါးမည် ဖြစ်သည်။ အကြောင်းမှာ ဂျီနီဗာမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) ကဲ့သို့သော အဖွဲ့အစည်းများက မင်းအောင်လှိုင်အပေါ် စုံစမ်းစစ်ဆေးမှုများ ကြိုတင်လုပ်ဆောင်ထားပြီး ဖြစ်သဖြင့် ဤအမှုအခင်းများ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်သည့် ကူညီထောက်ပံ့မှုများ အဆင်သင့်ရှိနေသောကြောင့် ဖြစ်သည်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာ့အရေး တာဝန်ခံမှုစီမံချက် (Myanmar Accountability Project) ၏ ညွှန်ကြားရေးမှူး ခရစ်ဂန်းနက်စ်က "ဤအမှုသည် မြန်မာနိုင်ငံ၏ ယုတ္တိမရှိသော အခြေအနေများကို ကွင်းကွင်းကွက်ကွက် ဖော်ပြနေခြင်းဖြစ်သည်" ဟု ပြောကြားခဲ့သည်။ ၎င်းက "အာဏာရှင် မင်းအောင်လှိုင်သည် ၎င်းကိုယ်တိုင် ဇာတ်တိုက် ကြိုတင်စီစဉ်ထားသည့် ဟန်ပြ၊ အတုယောင် ရွေးကောက်ပွဲများကို အခြေခံ၍ ၎င်းသည် မြန်မာနိုင်ငံ၏ တရားဝင်ခေါင်းဆောင်ဖြစ်သည်ဟု ကမ္ဘာကြီးကို လှည့်ဖြားရန် ကြိုးပမ်းနေပြီး၊ ၎င်း၏ တရားမဝင် စစ်ကောင်စီအား ကမ္ဘာ့နိုင်ငံ အစိုးရများက တရားဝင်အသိမှတ်ပြု ဆက်ဆံရေး ထူထောင်ပေးရန် တောင်းဆိုနေခြင်း ဖြစ်သည်။ လက်တွေ့တွင်မူ မင်းအောင်လှိုင်သည် ဖမ်းဝရမ်းထုတ်ခံထားရသည့် စစ်ရာဇဝတ်ကောင်တစ်ဦးမျှသာ ဖြစ်သည်" ဟု ဆိုသည်။

"အာဂျင်တီးနား၊ တူရကီ၊ ဖိလစ်ပိုင်နှင့် တီမောလက်စတေ အစရှိသည့် ကမ္ဘာတစ်ဝန်းရှိ တရားစီရင်ရေးနယ်ပယ် အသီးသီးတွင် ၎င်းအပေါ် စွဲဆိုထားသော အမှုများ တိုးပွားလာနေပါသည်။ ထို့အပြင် သည်ဟိဂ်မြို့ရှိ ကမ္ဘာ့အဆင့်မြင့် တရားရုံးနှစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တို့တွင်လည်း ၎င်းအပေါ် စွဲဆိုထားသော အမှုများရှိနေပြီး၊ အထူးသဖြင့် ICJ တွင် ၎င်းဦးဆောင်သော မြန်မာနိုင်ငံသည် ရိုဟင်ဂျာပြည်သူများအပေါ် ကျူးလွန်မှုများကြောင့် 'လူမျိုးတုံးသတ်ဖြတ်မှု တားဆီးရေးဆိုင်ရာ

သဘောတူညီချက်' (Genocide Convention) ကို ချိုးဖောက်သည်ဟု စွပ်စွဲခံထားရခြင်း ဖြစ်သည်" ဟု ဂန်းနက်စ်က အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တစ်ဖန် ဂန်းနက်စ်က "အဆိုပါ အမှုများအပြင် ယခုလအစောပိုင်းတွင် မကြုံစဖူး ထူးခြားသော ဖြစ်ရပ်တစ်ခုအဖြစ် အင်ဒိုနီးရှား အာဏာပိုင်များက ၎င်းတို့နိုင်ငံ၏ ရာဇသတ်ကြီးအသစ်အရ တရားစွဲဆိုထားသည့် ရာဇဝတ်မှုဆိုင်ရာ အမှုတွဲတစ်ခုကို တရားဝင် လက်ခံခဲ့ပါသည်။ ယင်းအမှုတွင် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်လာသူ ယက်စ်မင်းအူလာနှင့် အင်ဒိုနီးရှားနိုင်ငံ၏ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ် ၁၀ ဦးတို့က မင်းအောင်လှိုင်အား လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူအဖြစ် စွပ်စွဲတိုင်ကြားထားခြင်း ဖြစ်သည်" ဟု ပြောကြားခဲ့သည်။

၎င်းက "ဤအာဏာရှင်သည် သမ္မတနန်းတော်တွင် ရှိနေရမည့်သူမဟုတ်ဘဲ အကျဉ်းထောင်ထဲတွင်သာ ရှိနေရမည့်သူ ဖြစ်သည်" ဟု နိဂုံးချုပ် ပြောကြားခဲ့သည်။

***

တီတမ် (Tetum)၊ အင်ဒိုနီးရှား (Bahasa Indonesia)၊ ချင်း၊ ပေါ်တူဂီ သို့မဟုတ် အင်္ဂလိပ်ဘာသာစကားများဖြင့် အချက်အလက်များ ထပ်မံသိရှိလိုပါက သို့မဟုတ် အင်တာဗျူးရန် တောင်းဆိုလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရန် လိပ်စာများ:

Jose Teixeira/Manuel Sa Martins/Sahe da Silva on +670 77287080 or jose.teixeira@dasilva.tl

Salai Za Uk on +91 8798837474 or zauk@chinhumanrights.org

Chris Gunness on +44 7587 698990 or cgunness@outlook.com

***